Burmese/မြန်မာ

2023 ခုနှစ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ

# ခဏဆိုင်းငံ့ပြီးနောက် စဉ်းစားပါ။

ရှေ့လာမည့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင်

**အရင်းအမြစ်များကို လေ့လာ စစ်ဆေးပါ။**

သင်သည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွင်း အထောက်အထားမခိုင်လုံသော အချက်အလက်များ၊ အဓိပ္ပာယ်လွဲကောက်ယူနိုင်သော သို့မဟုတ် တမင်တကာ အထင်မှားစေနိုင်သော အကြောင်းအရာများကိုပင် သိမြင်နိုင်ဖွယ်ရှိပေမည်။ အကြောင်းအရာများကို ကောင်းစွာနားလည်သိရှိရန်အတွက်၊ အချက်အလက်များကို ကြားမြင်သိရှိရလျှင် သင်သည် ဝေဖန်ပိုင်းခြား တွေးခေါ်တတ်သူတစ်ဦး ဖြစ်ရန် လိုအပ်ပြီး၊ အဆိုပါ အချက်အလက်များ တိကျမှန်ကန်မှု ရှိ၊ မရှိကို စဉ်းစားသုံးသပ်ပါ။

## မဟုတ်မမှန် လုပ်ကြံနည်းပရိယာယ်

မဟုတ်မမှန် သတင်းများသည် တမင်တကာ အထင်အမြင်လွဲမှားစေ၍ အများပြည်သူအပေါ် ဩဇာလွှမ်းမိုးရန် သိလျက်နှင့် မှားယွင်းသော ဖန်တီးထားချက်များဖြစ်ပြီး ၎င်းသည် အလိုအလျောက် မပျံ့နှံ့ပါ။ မဟုတ်မမှန် သတင်းဖြန့်ဝေရန် ကြိုးစားကြသူများသည် သင့်အား တမင်သက်သက် လှည့်ဖြားရန် အောက်ပါနည်းပရိယာယ်အချို့ကို အသုံးပြုနိုင်ပါသည်။

### မေးခွန်းများကို သက်သက်မေးခြင်း

လူများသည် တစ်စုံတစ်ခုကို သက်သေမပြဘဲ သံသယဝင်စေရန် မေးခွန်းများကို တမင်တကာ မေးနိုင်သည်။ အမေးခံရသော မေးခွန်းအများစုမှာ တရားသော်လည်း၊ မယုံကြည်သောစိတ်ဖြင့် မေးသောမေးခွန်းများ သို့မဟုတ် ဖြစ်နိုင်ချေ အလွန်နည်းပါးသော အခြေအနေများနှင့် ပတ်သက်က သတိထားပါ။ ခဏဆိုင်းငံ့ပြီး အဘယ်ကြောင့် ယင်းမေးခွန်း ထုတ်ရခြင်းကို စဉ်းစားပါ။

### စိတ်ခံစားမှုကို ဖော်ထုတ်ခြင်း

ဒေါသ သို့မဟုတ် ကြောက်ရွံ့မှုကဲ့သို့ အဆိုးမြင်စိတ်များကို ပေါ်ပေါက်စေသည့် ကြမ်းတမ်းသော စကားအသုံးအနှုံးများသည် သက်ဆိုင်ရာ အကြောင်းအရာများကို လျင်မြန်စွာနှင့် ကျယ်ပြောစွာ ပျံ့နှံ့သွားရန် ပိုမိုလွယ်ကူစေသည်။ သင်သည် ပြင်းပြသော စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုကို ပေါ်ပေါက်စေသည့် အရာတစ်ခုခုကို တွေ့မြင်ရပါက ခဏဆိုင်းငံ့ပြီး အကြောင်းရင်းကို စဉ်းစားသုံးသပ်ပါ။

### လိုရာဆွဲ တွေးခေါ်စဉ်းစားလုပ်ရပ်များ

မူလရင်းမြစ်ကို မှီငြမ်းကိုးကားမှု မရှိပဲ ကွန်ပျူတာ၊ ဖုန်းစသည် တို့တွင် တွေ့မြင်ရမှုများ သို့မဟုတ် စာရင်းအင်းများကဲ့သို့သော အချက်အလက်များကို အဆက်အစပ်မရှိ တွေ့မြင်သိရှိရအခါ၌ လိုရာဆွဲ တွေးခေါ်စဉ်းစားလုပ်ရပ်များ ပေါ်ပေါက်လေတော့သည်။

## မဲဆန္ဒရှင်တစ်ဦးအဖြစ် သင်၏အခန်းကဏ္ဍ

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဆိုင်ရာ ဥပဒေများသည် ဆက်သွယ်ရေး သို့ မဟုတ် ကြော်ငြာရေးများ၏ အမှန်တရားကို မထိန်းညှိပေးပါ။ သက်ဆိုင်ရာ အချက်အလက်များသည် အောက်ပါတို့ နှင့် ကိုက်ညီမှု ရှိ၊မရှိကို အချိန်ယူ စဉ်းစားပါ။

**ယုံကြည်စိတ်ချရမှု**

### ယုံကြည်စိတ်ချရသော သို့မဟုတ် အသိအမှတ်ပြုနိုင်သော ရင်းမြစ်မှ လာသလား။

အချက်အလက်များ၏ ရင်းမြစ်ကို သင်သိပါသလား။ အချက်အလက်များသည် အသိအမှတ်ပြု သတင်းလောက သို့မဟုတ် တရားဝင် လူမှုကွန်ရက်လောက စာရင်းမှ ထွက်လာသလား။ အကယ်၍သင် မသေချာပါက စာရင်းအသစ် ဖွင့်ခဲ့ခြင်း ဟုတ်၊ မဟုတ် သို့မဟုတ် အခြား တင်ပို့ချက်များ ရှိ၊ မရှိကို စစ်ဆေးပါ။

**လက်ရှိဖြစ်ခြင်း။**

### အချက်အလက်များကို မည်သည့်အချိန်က ထုတ်ဝေဖြန့်ချိခဲ့သလဲ။

ရေးသားချက်/ဆောင်းပါးတစ်ခုကို ယနေ့ပင် ဝေမျှခဲ့ရုံဖြင့် ၎င်းသည် လတ်တလောကဖြစ်သည်ဟု မဆိုနိုင်ပါ။ မူရင်း ရင်းမြစ်နှင့် ထုတ်ဝေဖြန့်ချိရက်ကို အမြဲစစ်ဆေးပါ။ တိကျမှု မရှိတော့နိုင်ကောင်းသော ရေးသားချက်/ဆောင်းပါးဟောင်းများကို သတင်းအသစ်များကဲ့သို့ ထင်ပေါ်စေရန် မျှဝေနိုင်ပါသည်။

## AEC ၏ အခန်းကဏ္ဍ။

ဩစတြေးလျားနိုင်ငံတော် ရွေးကောက်ပွဲ ကော်မရှင် (AEC) ဆိုသည်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ဦးစီးဆောင်ရွက်ရန် တာဝန်ပေးထားခံရသော အချုပ်အခြယ်ကင်းသည့် အဖွဲ့အစည်း ဖြစ်သည်။ AEC ၏ အခန်းကဏ္ဍမှာ အောက်ပါတို့ဖြစ်ပါသည်

### ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ လုပ်ငန်းစဉ်ဆိုင်ရာ ယုံကြည်စိတ်ချရသော အချက်အလက်များကို ပေးခြင်း

AEC သည် ၎င်း၏ အသိပေးကြော်ငြာ လှုံ့ဆော်ချက်များ၊ ဝက်ဘ်ဆိုက်၊ ဆက်သွယ်ရေးဌာနနှင့် လူမှုကွန်ရက်လောက စာရင်းများတို့မှတဆင့် မည်ကဲ့သို့ အမည်စာရင်းပေးသွင်းရမည် သို့မဟုတ် မဲထည့်ရမည်တို့ဖြင့် ပတ်သက်သော အချက်အလက်များကို အလွယ်တကူ ထုတ်ပေးပါလိမ့်မည်။ ဤလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှားယွင်းမှု တစ်စုံတစ်ရာရှိပါက၊ ၎င်းကိုပြင်ဆင်ရန် AEC က အရေးယူဆောင်ရွက်ပါလိမ့်မည်။ ဤလုပ်ငန်းစဉ်များမှလွဲ၍ ပြည်လုံးကျွတ်)ဆန္ဒခံယူပွဲဆိုင်ရာ ဆက်သွယ်ရေးပိုင်းကိစ္စများ၏ တိကျမှန်ကန်မှုကို စစ်ဆေးစိစစ်ပေးရန် AEC က မည်သည့်အခန်းကဏ္ဍမှမဆို ပါဝင်ခြင်းမရှိပါ။

### ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဆိုင်ရာ ဆက်သွယ်ရေးပိုင်းကိစ္စများ တရားဝင်ခွင့်ပြုချက်ကို စုံစမ်းစစ်ဆေးပေးခြင်း။

ယင်းအချက်အလက်များ၏ ရင်းမြစ်ကို သင်သိရှိရေးကို အထောက်အကူပြုရန်အတွက် အချို့သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဆိုင်ရာ ဆက်သွယ်ရေးပိုင်းကိစ္စများတွင် တရားဝင်ခွင့်ပြုချက်ရှိရန် လိုအပ်ပါသည်။

### Yes နှင့် No ဆိုင်ရာ လှုံ့ဆော်စည်းရုံးရေးပစ္စည်း

AEC သည် တရားဝင် Yes နှင့် No ဆိုင်ရာ လှုံ့ဆော်စည်းရုံးရေးများမှ အချက်အလက်များပါရှိလိမ့်မည့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဆိုင်ရာ လက်ကမ်းစာစောင်ကို ထုတ်ပေးရန် တာဝန်ရှိသော်လည်း AEC သည် အဆိုပါ ဆက်သွယ်ရေးများ၏ အမှန်တရားကို ထိန်းညှိပေးသည့် အခန်းကဏ္ဍမှ မပါဝင်ပါ။

**aec.gov.au/translated** 1300 290 617

AEC23/1804

AEC
Australian Electoral Commission

ကင်ဘာရာ ရွေးကောက်ပွဲ ကော်မရှင် မှ တရားဝင် ခွင့်ပြုသည်။
Authorised by the Electoral Commissioner, Canberra